ဆံပင်ပုခုံးထိရှည်လျားပြီး၊ အနီရောင်ဝတ်ရုံကို

ဝတ်ထားတယ့်အခါ အလ္လာဟ်အရှင်မြတ်၏ တမန်တော် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) ထက်ပို၍ လှပတဲ့သူကိုကျွန်တော် မမြင်ဖူးပါ

ဗရာအ် (ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ " ဆံပင်ပုခုံးထိရှည်လျားပြီး၊
အနီရောင်ဝတ်ရုံကို ဝတ်ထားတယ့်အခါ အလ္လာဟ်အရှင်မြတ်၏ တမန်တော် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) ထက်ပို၍ လှပတဲ့သူကို ကျွန်တော် မမြင်ဖူးပါ။
ကိုယ်‌တော်၏ဆံပင်များသည် ပခုံးနှစ်ဘက်အထိ ရောက်နေပြီး၊ ပခုံးနှစ်ဘက်ကြားသည်ကျယ်ဝန်းကာ(ကိုယ်တော်၏အရပ်မှာ ) မမြင့်လွန်း၊ မနိမ့်လွန်းဘဲ အလယ်အလတ်ရှိသည်။”
[صحيح] [متفق عليه]

ဗရာအ် ဗင်န် အာဇိဗ် (ရဿွိယလ္လာဟုအန်ဟ်) က ပြောပြသည်မှာ- ၎င်းသည် ဦးခေါင်းဆံပင်သည်ပခုံးများအထိ ရှည်လျားပြီး အနက်ရောင်၌ အနီစင်းများပါသော ဝတ်ရုံကိုဝတ်ဆင်ထားသူများအနက် တမန်တော် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) ထက်ပို၍ လှပသူကိုသူမမြင်ဖူးကြောင်း၊ ထို့အပြင် ကိုယ်‌တော်၏ ရုပ်အဆင်းသွင်ပြင်လက္ခဏာများအနက်ပခုံးနှစ်ဘက်ကြား ကျယ်ဝန်းခြင်း၊ ရင်ဘတ်ကျယ်ခြင်းနှင့် အရပ် မမြင့်လွန်း၊မနိမ့်လွန်းဘဲအလယ်အလတ်ရှိခြင်းတို့ဖြစ်သည်။

https://sunnah.global/hadeeth/my/show/2990